Chapter-3 Vapor Compression Cycle Theory and Calculation

၃.၁ Vapor Compression Refrigeration Cycle

အပူချိန်မြင့်သည့် နေရာ(high temperature)မှ အပူ(heat)များသည် အပူချိန်နိမ့်သည့်နေရာ(low temperature)သို့ အလိုအလျောက် ကူးပြောင်းနိုင်သော်လည်း အပူချိန်နိမ့်သည့်နေရာ(low temperature)မှ အပူ(heat)များ အပူချိန်မြင့်သည့် နေရာ(high temperature)သို့ ရောက်သွားစေရန်အတွက် refrigeration ကိရိယာ(device) တစ်မျိုးမျိုး လိုအပ်သည်။

အပူချိန်နိမ့်သည့်နေရာမှ အပူ(heat)များကို အပူချိန်မြင့်သည့်နေရာသို့ ကူးပြောင်း(transfer) သွားအောင် ပြုလုပ်ပေးခြင်းကို "**refrigeration**" ဟုခေါ်သည်။ Refrigeration cycle ကို ဖြစ်စေပြီး refrigeration effect ဖြစ်အောင် ပြုလုပ်ပေးသည့် ကိရိယာများ(devices)ကို "**refrigerator**" ဟုခေါ်သည်။ Vapor compression refrigeration cycle များကို အများဆုံး တွေ့မြင်နိုင်သည်။ Refrigerant သည် အပူများကို စုပ်ယူပြီး အငွေ့အဖြစ်သို့ ပြောင်းလဲ(vaporize) သွားသည်။ Refrigerant vapor များကို compressor ဖြင့် ဖိသိပ်(compress)ပြီး ဖိအားမြင့်နေချိန်တွင် condenser အတွင်း၌ အပူများ ထွက်သွားအောင် ပြုလုပ်၍ အရည်အဖြစ်သို့ ပြောင်းလဲစေသည်။ ထို့နောက် ဖိအားမြင့်သည့် refrigerant သည် အပူဓာတ်များကို စုပ်ယူကာ ကျယ်ပြန့်(expend)လာသည်။ ထိုကဲ့သို့ ထပ်ခါထပ်ခါ ပြုလုပ်ခြင်းကို "**vapor compression refrigeration cycle**" ဟုခေါ်သည်။

၃.၂ Reversed Carnot Cycles

Carnot cycle သည် heat engine အလုပ်လုပ်ပုံကို ဖော်ပြသည့် cycle ဖြစ်ပြီး၊ refrigeration cycle သည် heat engine အလုပ်လုပ်ပုံနှင့် ပြောင်းပြန်ဖြစ်သောကြောင့် reversed Carnot cycle ဟုခေါ်ဆိုခြင်း ဖြစ်သည်။ Carnot cycle ကို ပြောင်းပြန်ဖြစ်အောင် ပြုလုပ်သောကြောင့် reversed Carnot cycle ဟုခေါ်သည်။

Refrigeration cycle သည် အပူစွမ်းအင် သို့မဟုတ် အလုပ်(work)ကို system အတွင်းသို့ ထည့်ပေးပြီး အပူချိန်နိမ့်သည့်နေရာ(low temperature heat source T_L)မှ အပူများ အပူချိန်မြင့်သည့်နေရာ(high temperature heat sink - T_H)သို့ ကူးပြောင်းစေသည့် reversed Carnot cycle ဖြစ်သည်။ Carnot cycle သည် reversible isothermal processes နှစ်ခုနှင့် isentropic processes နှစ်ခု ပါဝင်သည့် reversible cycle ဖြစ်သည်။ Refrigerator နှင့် heat pump တို့သည် reversed Carnot cycle ကို အခြေခံ၍ ဒီဇိုင်းလုပ်ထားသောကြောင့် Carnot refrigerator သို့မဟုတ် Carnot heat pump ဟူ၍လည်း ခေါ်ဆို လေ့ရှိသည်။



ပုံ ၃-၁ Carnot refrigerator ၏ အဓိက အစိတ်အပိုင်း(major components)များနှင့် T-s diagram

> Reversed Carnot cycle သည် မတူညီသည့် အပူချိန် နှစ်ခုအကြားတွင် အလုပ်လုပ်သည့် refrigeration cycle ဖြစ်ပြီး efficient အဖြစ်ဆုံး ဖြစ်သည်။ အမြင့်ဆုံး theoretical COP ကို ပေးနိုင်သည့် cycle ဖြစ်သည်။ Reversed Carnot cycle COP ထက် ပိုကောင်းသည့် refrigeration machine ကို တီထွင်ပြုလုပ်ရန် မဖြစ်နိုင်ပေ။

ပုံ(၃-၁)တွင် ဖော်ပြထားသည့် refrigeration cycle ကို "**Reversed Carnot Cycle**" ဟု ခေါ်ဆိုသည်။ Heat engine သည် စက်မှုစွမ်းအင် သို့မဟုတ် အလုပ်(work) ရရှိရန်အတွက် လောင်စာဆီ(fuel)ကို မီးလောင်စေပြီး အပူစွမ်းအင် ထည့်ပေးသည့် Carnot cycle ဖြစ်သည်။

Refrigerator များ နှင့် heat pump များသည် အလုပ်လုပ်ပုံ တူညီသည့် ကိရိယာ(device)များ ဖြစ်ကြသည်။ အသုံးပြုပုံ သို့မဟုတ် အလိုရှိသည့် ရည်ရွယ်ချက်သာ ကွဲပြားသည်။ Refrigerator များ နှင့် heat pump များ၏ စွမ်းဆောင်ရည်(performance) ကို Coefficient Of Performance (COP) ဖြင့် ဖော်ပြလေ့ရှိသည်။

$$COP_R = \frac{Q_L}{W_{Net(in)}} \qquad COP_{HP} = \frac{Q_H}{W_{Net(in)}}$$

$$COP_{Ref,Carnot} = \frac{1}{\frac{T_H}{T_L - 1}} \qquad COP_{HP,Carnot} = \frac{1}{1 - \frac{T_L}{T_H}}$$

ပုံ(၃-၁)တွင် refrigerant သည် အပူ(heat)များကို isothermal နည်းဖြင့် low-temperature (T_L)source မှ စုပ်ယူသည်။ စုပ်ယူသည့် အပူပမာဏသည် Q_L (process 1-2) ဖြစ်သည်။ State 3 တွင် compressor သည် isentropical နည်းဖြင့် refrigerant များကို ဖိသိပ်(compress)သောကြောင့် အပူချိန် T_H သို့ မြင့်တက် သွားသည်။ ထို့နောက် အပူချိန်မြင့်သည့်နေရာ(high-temperature sink)သို့ isothermal နည်းဖြင့် အပူ(heat)များကို စွန့်ထုတ်ပစ်(reject)သည်။ စွန့်ထုတ်ပစ်သည့် အပူပမာဏသည် Q_H (process 2-3) ဖြစ်သည်။ Process 3-4 အတွင်း refrigerant သည် အငွေ့အဖြစ်(saturated vapor state)မှ အရည်အဖြစ်(saturated liquid state)အဖြစ်သို့ condenser အတွင်း၌ ပြောင်းလဲသွားသည်။ ထို့နောက် အပူချိန်နိမ့်သည့် state 1 သို့ isentropical နည်းဖြင့် ကျယ်ပြန့်(expand)သည်။ Carnot refrigerator နှင့် Carnot heat pump တို့၏ Coefficients Of Performance (COP)ကို အပူချိန်ဖြင့်လည်း ဖော်ပြနိုင်သည်။

> T_L (low temperature) မြင့်၍ သော်လည်းကောင်း သို့မဟုတ် T_H (high temperature) နိမ့်သောကြောင့် သော်လည်းကောင်း T_L နှင့် T_H အကြား အပူချိန်ခြားနားချက် နည်းလာလျှင် COP တန်ဖိုး ပိုများ လာလိမ့်မည်။

Reversed Carnot cycle သည် efficient အဖြစ်ဆုံးသော refrigeration cycle ဖြစ်သည်။ လက်တွေ့လည်ပတ်နေသည့် refrigeration cycle များ၏ efficiency သည် reversed Carnot cycle ထက်ပို မကောင်းနိုင်ပေ။ Isothermal heat transfer process နှစ်ခုသည် လက်တွေ့တွင် evaporator နှင့် condenser အတွင်း၌ ဖိအားမပြောင်းလဲစေဘဲ(constant pressure) တစ်သမတ်တည်းဖြစ်အောင် ထိန်းထားရန် မဖြစ်နိုင်ပေ။

၃.၃ Ideal Vapor Compression Refrigeration Cycles

Refrigerator များ၊ air-conditioner များ ၊ chiller များနှင့် heat pump များသည် vapor compression refrigeration ကို အခြေခံ၍ တည်ဆောက်ထားသည့် ကိရိယာများ ဖြစ်ကြသည်။





ပုံ ၃-၂ Schematic for ideal vapor compression refrigeration cycle   Reversed Heat Engine

Ideal vapor compression cycle အတွက် ယူဆချက်(assumption)များ မှာ

(က) Evaporator ၊ condenser နှင့် compressor များတွင် ဖြစ်ပေါ်သည့် irreversibility များကို ထည့်သွင်း စဉ်းစားခြင်း မပြုပါ။

(ခ) ပွတ်တိုက်မှု(friction)ကြောင့် ဖြစ်ပေါ်သော ဖိအားကျဆင်းမှုများ(frictional pressure drops)ကို ထည့်သွင်း စဉ်းစားခြင်း မပြုပါ။

(ဂ) Heat exchanger နှစ်ခုဖြစ်သည့် evaporator နှင့် condenser အတွင်း၌ refrigerant သည် ပုံသေဖိအား (constant pressure)ဖြင့် စီးဆင်း(flow)နေသည်ဟု ယူဆထားသည်။

(ဃ) အနီးဝန်းကျင်သို့(surroundings) စီးကူးသွားသည့် အပူဆုံးရှုံးမှု(heat loss) မရှိဟု ယူဆထားသည်။

(င) Compression process ကို isentropic process အဖြစ် ယူဆထားသည်။

၃.၃.၁ Ideal Vapor Compression Refrigeration Cycles ရှင်းပြချက် (၁)

Vapor compression refrigeration cycle ကို refrigerator များ၊ chiller များ၊ air-conditioning system များ၊ heat pump များ စသည်တို့တွင် အများဆုံး အသုံးပြုကြသည်။

Vapor compression refrigeration cycle တွင် အောက်ပါ ဖြစ်စဉ် လေးမျိုး ပါဝင်သည်။

1-2 Isentropic compression in a compressor
2-3 Constant-pressure heat rejection in a condenser
3-4 Throttling in an expansion device
4-1 Constant-pressure heat absorption in an evaporator

Ideal vapor compression refrigeration cycle တွင် refrigerant များသည် compressor အတွင်းသို့ အငွေ့(saturated vapor)အဖြစ် ဝင်ရောက်လာသည်။ ထိုအခြေအနေကို state 1 ဟုသတ်မှတ်သည်။ Compressor သည် isentropic compression process ဖြင့် refrigerant များကို ဖိသိပ်(compress)နေစဉ် အပူချိန် မြင့်တက်လာသည်။ Compressor အထွက် state 2 မှ refrigerant များသည် condenser အတွင်းသို့ superheated vapor အဖြစ် ဝင်ရောက်သည်။ Condenser အတွင်း refrigerant များသည် အပူများကို စွန့်ထုတ်ပြီး saturated liquid အဖြစ်သို့(state 3) ရောက်ရှိသွားသည်။ Condenser အတွင်းရှိ refrigerant အပူချိန်သည် အပူစွန့်ထုတ်ခြင်းခံရသည့် အနီးဝန်းကျင်ရှိ အပူချိန်ထက် ပိုမြင့်သည်။

State 3 တွင် saturated liquid refrigerant များကို evaporator pressure သို့ရောက်အောင် expansion valve သို့မဟုတ် capillary tube သုံး၍ throttling လုပ်၍ လျှော့ချလိုက်သည့်အခါ refrigerant အပူချိန်သည် refrigerated space ၏ အပူချိန်ထက် ပိုနည်း သွားသည်။ Refrigerant များသည် evaporator (state 4) အတွင်းသို့ low-quality saturated mixture အဖြစ် ဝင်ရောက်လာသည်။ Refrigerated space မှ အပူများကို စုပ်ယူပြီး လုံးဝ ကုန်စင်အောင် အငွေ့ပျံ(evaporate)သွားသည်။ ထို့နောက် အငွေ့(saturated vapor)အနေဖြင့် evaporator အတွင်းမှ ထွက်သွားပြီး compressor အတွင်းသို့ ဝင်ရောက်ကာ နောက်ထပ် refrigeration cycle တစ်ခု စတင်သည်။ Refrigeration cycle သည် အဆက်မပြတ် လည်ပတ်နေသည့် cycle ဖြစ်သည်။

၃.၃.၂ Ideal Vapor Compression Refrigeration Cycles ရှင်းပြချက် (၂)



ပုံ ၃-၃ Ideal vapor compression refrigeration cycle တစ်ခု၏ T-s diagrams နှင့် P-h diagrams

State 1 မှ State 2: Internally ၊ Reversible ၊ Adiabatic (isentropic) Compression Process

Refrigerant ကို reversible ၊ adiabatic (isentropic) နည်းဖြင့် ဖိသိပ်(compression)သည်။ State 1 မှ saturated vapor များသည် state 2 သို့ superheated vapor အဖြစ်ရောက်ရှိ သွားသည်။ (S1 = S2)

$$w_{in} = h_2 - h_1$$

State 2 မှ State 3: Internally ၊ Reversible ၊ Constant Pressure Heat Rejection Process

State 2 မှ state 3 သည် internally ၊ reversible ၊ constant pressure heat rejection ဖြစ်သည်။ တစ်နည်းအားဖြင့် refrigerant မှ အပူစွန့်ထုတ်ခြင်း ဖြစ်သည်။ State 3 သို့ ရောက်ချိန်တွင် refrigerant အပူချိန်ကျဆင်းပြီး အရည်(saturated liquid)အဖြစ်သို့ ပြောင်းလဲသွားသည်။ ထိုသို့ပြောင်းလဲခြင်းကို condensation ဖြစ်သည်ဟု ခေါ်သည်။ Refrigerant မှ အပူများကို condenser water သို့မဟုတ် လေထု ထဲသို့ စွန့်ထုတ်ပစ်လိုက်သည်။

$$qH = h_2 - h_3$$

State 3 မှ State 4: Irreversible Throttling Process

အပူချိန်(temperature) နှင့် ဖိအား(pressure) ကျဆင်းသော်လည်း enthalpy မပြောင်းလဲ (constant)ပေ။ State 4 ဆီသို့ refrigerant များသည် low quality saturated mixture အဖြစ် ဝင်ရောက် သည်။

$$h_3 = h_4 \ (constant\ enthalpy)$$

State 4 မှ State 1: Internally ၊ Reversible ၊ Constant Pressure Heat Interaction Process

Refrigerant (two-phase mixture) များသည် အပူများကို စုပ်ယူပြီး ဆူပွက်(evaporated) သည်။ State point 1 တွင် saturated vapor အဖြစ်သို့ ရောက်ရှိသည်။ Refrigerant များ ဆူပွက်ရန်အတွက် လိုအပ်သည့် latent enthalpy ကို evaporator အတွင်း၌ refrigerated space မှ ရရှိသည်။ Evaporator အတွင်း၌ refrigerant ဆီသို့ ကူးပြောင်းသွားသည့် အပူပမာဏ(amount of heat transferred)ကို refrigeration load ဟု ခေါ်သည်။

$$qL = h_1 - h_4$$

မှတ်ချက်

Ideal compression refrigeration cycle သည် internally reversible cycle မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် throttling လုပ်ခြင်းသည် irreversible process ဖြစ်သောကြောင့် ဖြစ်သည်။

အကယ်၍ expansion valve (throttling device) ကို isentropic turbine ဖြင့် အစားထိုးနိုင်လျှင် refrigerant သည် evaporator အတွင်းသို့ state 4s နေရာမှ (ပုံ ၃-၃) ဝင်ရောက်လာလိမ့်မည်။ ထို့ကြောင့် refrigeration capacity ပိုများ လာနိုင်သည်။ ပမာဏအားဖြင့် curve 4-4s အောက်ရှိ ဧရိယာ(area under 4-4s) နှင့် တူညီသည့် work input ပမာဏ လျော့နည်းလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် turbine မှ အသုံးချနိုင်သည့် work တချို့ကို ထုတ်ပေးနိုင်သောကြောင့် ဖြစ်သည်။ သို့သော် လက်တွေ့ အခြေအနေတွင် expansion valve ကို turbine ဖြင့် အစားထိုးရန် အတွက် ကုန်ကျစရိတ်ပိုများခြင်းနှင့် ပို၍ ရှုပ်ထွေး ခက်ခဲခြင်းတို့ ဖြစ်နိုင်သည်။

Evaporating temperature ကို 1°C မြှင့်၍ မောင်းနိုင်လျှင် COP 2% မှ 4% အထိ ပိုကောင်းလာနိုင်သည်။ Condensing temperature ကို 1°C နိမ့်၍ မောင်းနိုင်လျှင် COP 2% မှ 4% အထိ ပိုကောင်းလာနိုင်သည်။

Vapor compression system များကို လေ့လာတွက်ချက်ရာတွင် အောက်ပါအချက်များ ပါဝင်သည်။

(က) T-s diagram နှင့် P-h chart ရေးဆွဲပါ။

(ခ) System ရှိ အဆင့်တိုင်းအတွက် principal state များ နှင့် တန်ဖိုးများ ကို ရှာဖွေပါ။

(ဂ) အဓိက process များ၌ mass ၊ energy နှင့် entropy balance equation များအသုံးပြု၍ လိုအပ်သည့် တန်ဖိုးများကို ရှာပါ။

(ဃ) Refrigeration နှင့် heat pump system များ၏ performance ၊ coefficient of performance နှင့် capacity ကို ရှာပါ။

Vapor compression system များကို engineering model ဖြင့် လေ့လာရာတွင် အောက်ပါ အဆင့်များ ပါဝင်သည်။

(၁) Component တစ်ခုချင်းစီကို control volume အဖြစ် သတ်မှတ်ပြီး steady state အခြေအနေတွင် လေ့လာ(analyze)သည်။

(၂) Compressor များသည် adiabatic နည်းဖြင့် compression ပြုလုပ်သည့်ဟု ယူဆတွက်ချက်သည်။

(၃) Refrigerant များသည် expansion valve နေရာတွင် throttling process ဖြစ်ပေါ်သည်။

(၄) Kinetic energy နှင့် potential energy ပြောင်းလဲမှုများကို လျစ်လျူရှု၍ တွက်ချက်သည်။

၃.၃.၃ Ideal Vapor Compression Refrigeration Cycle ဥပမာ(၁)

ပထမဦးစွာ ideal reversible cycle တစ်ခုကို စတင် လေ့လာကြည့်ကြပါစို့။ ပုံ(၃-၄)တွင် ဖော်ပြထားသည့် ideal reversible cycle တစ်ခုသည် အပူချိန် နိမ့်သည့် နေရာ(T_L)မှ အပူများသည် အပူချိန် မြင့်သည့်နေရာ(T_H)သို့ ကူးပြောင်းသည့် "**Ideal Refrigeration Cycle**" တစ်ခုဖြစ်သည်။



ပုံ ၃-၄(က) Ideal reversed Carnot cycle (a) circuit and (b) temperature–entropy diagram



$$COP = \frac{1}{(308.15/268.15) - 1} = 6.7$$

ပုံ ၃-၄(ခ) Ideal reversed Carnot cycle



$$COP = \frac{1}{(313.15/263.15) - 1} = 5.26$$

ပုံ ၃-၄(ဂ) Modified reversed Carnot cycle

Refrigeration cycle တွင် အသုံးပြုထားသည့် fluid ကို "**Refrigerant**" ဟုခေါ်သည်။ Refrigeration cycle တွင် ပါဝင်သည့် အဓိက component (၄)မျိုးကြောင့် process (၄)ခု ဖြစ်ပေါ်သည်။ Refrigerant သည် ထို process လေးခုလုံးသို့ ရောက်ရှိပြီး ထပ်ခါထပ်ခါ အဆက်မပြတ် လည်ပတ်နေသည်။

Compression process နှင့် expansion process နှစ်ခုသည် ပုံ(၃-၄)တွင် မျဉ်းမတ်များဖြင့် ဖော်ပြထားသည့် constant entropy (isentropic) process များ ဖြစ်ကြသည်။ Entropy မပြောင်းလဲသည့် (isentropic) process သည် reversible process သို့မဟုတ် ideal process ဖြစ်သည်။ Entropy မပြောင်းလဲ သောကြောင့် entropy generation မဖြစ်ပေါ်ပေ။ Entropy generation မဖြစ်ပေါ်သောကြောင့် reversible process ဖြစ်သည်။ လက်တွေ့တွင် မဖြစ်နိုင်သည့် ideal process ဖြစ်သည်။

System မှ အပူများ စုပ်ယူသွားခြင်း(heat addition to refrigerant) နှင့် အပူများစွန့်ထုတ်ခြင်း(rejection of heat)တို့ ဖြစ်နေချိန်တွင် အပူချိန် ပြောင်းလဲခြင်းမရှိ(constant temperature)ဟု ယူဆ ထားသောကြောင့် မျဉ်းဖြောင့်များ(horizontal lines)ဖြင့် ပုံ(၃-၄-က-b)တွင် ဖော်ပြထားသည်။

ဖိသိပ်ခြင်း(compression) ပြုလုပ်နေချိန်တွင် system အတွင်းသို့ စွမ်းအင် သို့မဟုတ် အလုပ်(work) ထည့်ပေးရန် လိုအပ်သည်။ Expansion ဖြစ်နေချိန်တွင် စွမ်းအင် သို့မဟုတ် အလုပ်(work) များ ပြန်ထွက်လာသည်။

Evaporation ဖြစ်နေချိန်တွင် အပူချိန်နိမ့်သည့်နေရာမှ အပူ(heat)များကို system က စုပ်ယူသည်။ Condensation ဖြစ်ပေါ်နေချိန်တွင် system အတွင်းမှ အပူ(heat)များကို အပြင်သို့ စွန့်ထုတ်သည်။ ထည့်ပေးရသည့် စွမ်းအင် သို့မဟုတ် အလုပ်(work) နှင့် ပြန်ရရှိနိုင်သည့် cooling effect တို့မှ Coefficient Of Performance (COP)ကို တွက်ယူနိုင်သည်။

Vapor compression cycle ကို refrigeration လုပ်ငန်းများအတွက် အသုံးပြုသည်။ Refrigerant များသည် အပူချိန်ကို လိုက်၍ ဆူပွက်ခြင်း(boiling) နှင့် condensation ဖြစ်ခြင်းတို့ ဖြစ်ပေါ်သည်။ Refrigerant က အပူကို စုပ်ယူလျှင် ဆူပွက်ခြင်း(boiling)ဖြစ်ပေါ်ပြီး အပူစွန့်ထုတ်လျှင် condensation ဖြစ်ပေါ်သည်။ Refrigerant များ၏ အပူချိန် (evaporation temperature နှင့် condensing temperature)သည် ဖိအား(pressure)ကို လိုက်၍ ပြောင်းလဲနေသည်။ Refrigerant ၏ အပူချိန်သည် freezing point နှင့် critical temperature တို့ထက် ကျော်လွန်ရန် မဖြစ်နိုင်ပေ။

ပုံ(၃-၅)တွင် Te သည် evaporation temperature ဖြစ်ပြီး Tc သည် condensing temperature ဖြစ်သည်။ Pe သည် evaporation pressure ဖြစ်ပြီး Pc သည် condensing pressure ဖြစ်သည်။

ဆူပွက်(boiling)ရန်အတွက် refrigerant များသည် အပူ(latent heat of evaporation) များကို စုပ်ယူရသည်။ Condensing ဖြစ်ရန်အတွက် latent heat များကို ပြန်စွန့်ထုတ်ပစ်ရသည်။ ထို့ကြောင့် chiller ၏ evaporator

အတွင်း၌ refrigerant သည် အပူများကို စုပ်ယူ(absorb)ရသည်။ Chiller ၏ condenser အတွင်း၌ refrigerant သည် အပူများကို စွန့်ထုတ်(reject)သည်။



ပုံ ၃-၅ Evaporation and condensation

Evaporator အတွင်း၌ အပူချိန်နှင့် ဖိအားနိမ့်သည့် အချိန်တွင် အပူကို စုပ်ယူလိုက်သောကြောင့် အပူချိန် မြင့်တက် လာပြီး အငွေ့ပျံခြင်း(vaporization)ဖြစ်ပေါ်သည်။ အငွေ့(vapor) များကို စက်ဖြင့် ဖိသိပ်(compress) သောကြောင့် ဖိအား မြင့်တက်လာသည်။

ဖိအားမြင့်တက်မှုကြောင့် corresponding saturation temperature လည်း မြင့်တက်သည်။ အပူချိန်မြင့်သည့် အငွေ့ အဖြစ်မှ အပူများကို စွန့်ထုတ်ပြီး အရည်အဖြစ်သို့ ပြောင်းလဲသည်။



ပုံ ၃-၆ Simple vapor compression cycle with pressure and enthalpy values for R134a



ပုံ ၃-၇ Vapor compression cycle ကို ဖော်ပြထားသည့် Pressure–enthalpy diagram

ဥပမာ- ပုံ(၃-၆)တွင် ဖော်ပြထားသည့်အတိုင်း အပူချိန် -5°C ရှိသည့်နေရာ(evaporator)မှ အပူများကို အပူချိန် 35°C ရှိသည့်နေရာ(condenser)သို့ စွန့်ထုတ် (reject)ပစ်ရန် အတွက် Carnot COP (ideal COP) ကို ရှာပါ။

အဖြေ - အပူချိန်များကို absolute temperature သို့ပြောင်းပါ။ -5°C သည် 268 K နှင့် အနီးစပ်ဆုံး တူညီသည်။ 35°C သည် 308 K နှင့် အနီးစပ်ဆုံး တူညီသည်။

$$COP = \frac{Q_2}{W} = \frac{T_L}{T_H - T_L}$$

$$Carnot\ COP = \frac{268}{308 - 268} = 6.7$$

အပူချိန် -5°C ရှိသည့်နေရာမှ အပူများကို အပူချိန် 35°C ရှိသည့်နေရာသို့ စွန့်ထုတ်(reject)ပစ်ရန် အတွက် COP 6.7 ထက် ပိုကောင်းသည့် စက်ကို တည်ဆောက်ရန် မဖြစ်နိုင်ပေ။

ပုံ(၃-၇)တွင် refrigeration cycle ကို ဖော်ပြထားသည်။ Evaporation process ဖြစ်နေချိန်တွင် အပူချိန် နိမ့်သည့်နေရာ သို့မဟုတ် working fluid မှ အပူများကို refrigerant က စုပ်ယူလိုက်သောကြောင့် cooling effect သို့မဟုတ် refrigeration effect ဖြစ်ပေါ်သည်။ တစ်နည်းအားဖြင့် working fluid နှင့် refrigerant တို့၌ enthalpy ပြောင်းလဲခြင်း ဖြစ်ပေါ်သည်။

P–h diagram

Vapor comporession cycle ကို လေ့လာရန်အတွက် အင်ဂျင်နီယာများသည့် pressure – enthalpy diagram သို့မဟုတ် P–h diagram ကို အသေးစိတ် နားလည်သဘောပေါက်ရန် လိုအပ်သည်။ P–h diagram သည် substance များ၏ liquid phase နှင့် gas phase တို့၏ ပြောင်းလဲပုံကို အလွယ်ကူဆုံးနည်းဖြင့် ဖော်ပြထားသည့် ဂရပ် ဖြစ်သည်။

ပုံ(၃-၇) ၏ vertical axis တွင် pressure (P) တန်ဖိုးများကို ဖော်ပြထားသည်။ ရေပြင်ညီလိုင်း(horizontal line)တွင် enthalpy(h) တန်ဖိုးများကို ဖော်ပြထားသည်။ Saturation curve သည် အရည်အနေဖြင့်သာ(pure liquid) ရှိနိုင်သည့် နေရာနှင့် အငွေ့သက်သက်(pure gas or vapor)ရှိနေသည့် နေရာကို ပိုင်းခြားထားသည့် လိုင်းဖြစ်သည်။

> Vapor ဟုဖော်ပြထားသည့် နေရာ(region)တွင် refrigerant သည် superheated vapor အနေဖြင့် ရှိနေလိမ့်မည်။ Liquid ဟု ဖော်ပြထားသည့် နေရာ(region)တွင် refrigerant သည် subcooled liquid အနေဖြင့် ရှိနေလိမ့်မည်။

Curve ၏ အပေါ်ဘက်နေရာတွင် refrigerant သည် အရည်(liquid)ဖြစ်မည်၊ အငွေ့(vapor)ဖြစ်မည် သို့မဟုတ် နှစ်မျိုးစလုံး ဖြစ်နေမည် ဟူ၍ အတိအကျပြောရန် မဖြစ်နိုင်ပေ။ အငွေ့(vapor)အခြေအနေတွင် ဖြစ်ပေါ်နေသည့် ဖိအားထက် ပိုမြင့်မားလျှင် refrigerant သည် အရည်(liquid) မဖြစ်နိုင်တော့ပေ။

Curve ၏ ထိပ်ဆုံး ဖိအား(pressure)ကို "**critical pressure**" ဟုခေါ်သည်။ Curve ၏ အတွင်းဘက်တွင် အရည်(liquid)အသွင် နှင့် အငွေ့(vapor)အသွင် နှစ်မျိုး ရောနှောနေသည့် အခြေအနေ(mixture of liquid and vapor)ဖြစ်သည်။ ပုံ(၃-၇)တွင် ပြထားသည့် အတိုင်း vapor compression cycle ကို P–h diagram ပေါ်တွင် ရေးဆွဲနိုင်သည်။

Evaporation process သို့မဟုတ် refrigerant အငွေ့ပျံခြင်း(vaporization)ဖြစ်စဉ်သည် ဖိအား မပြောင်းလဲသည့် ဖြစ်စဉ်(constant pressure process) ဖြစ်သောကြောင့် ရေပြင်ညီလိုင်း(horizontal line)ဖြင့် ဖော်ပြထားသည်။

Compression process တွင် စွမ်းအင်(energy)ကို အသုံးပြု၍ ဖိသိပ်ခြင်း(compression) ပြုလုပ်သောကြောင့် refrigerant vapor ၏ အပူချိန် မြင့်တက်လာပြီး enthalpy လည်း မြင့်တက်လာသည်။ ထို့ကြောင့် Compression process ကို ဒေါင်လိုက်မျဉ်း(vertical line)ဖြင့် အောက်မှ အထက်သို့ ဖော်ပြထားသည်။ ဖိသိပ်ခြင်း(compression) လုပ်ပြီးချိန်တွင် superheated အပူချိန်သို့ ရောက်နေသောကြောင့် saturation curve အပြင်ဘက်သို့ ရောက်သွားသည်။ ဖိသိပ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့်အပူ(heat of compression)များကြောင့် refrigerant ၏ enthalpy မြင့်တက် သွားသည်။ Adiabatic compression ဟု သတ်မှတ်သည်။

နောက်ဆုံးရောက်ရှိသည့် compression temperature (discharge temperature)သည် condensation temperature ထက် ပိုမြင့်သည်။ Condensation စတင် မဖြစ်ပေါ်ခင် refrigerant vapor သည် အေးသွားသည်။ ထို့ကြောင့် condensation temperature ထက် ပိုမြင့်နေသည့် အပူချိန်မှ condensation temperature သို့ရောက်ရန် အပူအနည်းငယ်ခန့်ကို စွန့်ထုတ်သည်။ ဤအချက်သည် ideal cycle နှင့် မတူညီသည့် အချက်ဖြစ်သည်။ Actual condensation process ကို saturation curve အတွင်း၌ ရေပြင်ညီလိုင်း(horizontal line) ဖြင့် ဖော်ပြနိုင်သည်။

ပုံ(၃-၈)တွင် simple vapor compression cycle ကို temperature entropy diagram ဖြင့် ဖော်ပြထားသည်။ မျဉ်းစောင်းများခြစ်ထားသည့်နေရာ(shaded areas)သည် reversed Carnot cycle နှင့် မတူညီသည့် အချက် ဖြစ်သည်။

Adiabatic compression process သည် condensing temperature ရောက်သည်အထိ ဖြစ်နေလိမ့်မည်။ မျဉ်းစောင်းများခြစ်ထားသည့်နေရာ(shaded areas)သည် ပိုလုပ်ရသည့် အလုပ်(extra-work)ပမာဏ ဖြစ်သည်။

အပူချိန်မပြောင်းလဲသည့် (constant temperature) compression process ကို Isothermal compression process ဟုခေါ်သည်။ Isothermal compression ဖြစ်အောင်လုပ်နိုင်လျှင် ပိုလုပ်ရသည့် အလုပ်(extra-work) မလိုအပ်ပေ။ တစ်နည်းအားဖြင့် condensing pressure သို့ ရောက်အောင်သာ ဖိသိပ်(compress)လျှင် extra work ကို ရှောင်လွှဲနိုင်သည်။



Expansion ဖြစ်စဉ်သည် enthalpy မပြောင်းလဲသည့် ဖြစ်စဉ် (constant enthalpy process) ဖြစ်သည်။ P–h diagram ပေါ်တွင် ဒေါင်လိုက်မျဉ်း(vertical line)ဖြင့် ဖော်ပြသည်။

Expansion ဖြစ်နေစဉ်အတွင်း အပူစုပ်ယူခြင်း(absorption) သို့မဟုတ် စွန့်ထုတ်ခြင်း (rejection) မဖြစ်ပေါ်ပေ။ Refrigerant များသည် valve ကို ဖြတ်သန်း စီးဆင်း သွားခြင်းသာ ဖြစ်သည်။

ပုံ ၃-၈ Ideal vapor compression cycle တစ်ခု၏ temperature–entropy diagram



Valve ကြောင့် ဖြစ်ပေါ်သွားသည့် ဖိအား ကျဆင်းခြင်း (reduction in pressure) သည် temperature နိမ့်ဆင်းခြင်းနှင့် အချိုးညီသည်။ Valve ကို ဖြတ်သွားနေစဉ် refrigerant တချို့သည် အငွေ့(vapor)အဖြစ်သို့ ပြောင်းလဲသွားသည်။ Working fluid သို့မဟုတ် refrigerant ၏ ထုထည်(volume) ပိုများ လာသည်။ Expansion ဖြစ်အောင် ပြုလုပ် ပေးသည့် valve ဖြစ်သောကြောင့် "**expansion valve**" ဟု ခေါ်သည်။

ပုံ ၃-၉(က) ဥပမာတွင် ဖော်ပြထားသည့် ideal vapor compression refrigeration cycle ၏ T-s diagram

Expansion process တွင် စွမ်းအင်(energy) ပြန်ရအောင်(recover) ပြုလုပ်လိုလျှင် expansion valve သုံးမည့်အစား တာဘိုင်(turbine)ကို အသုံးပြုနိုင်သည်။ ပြန်လည်ရရှိနိုင်သည့် စွမ်းအင်(recover energy)ပမာဏကို ပုံ(၃-၈)တွင် မျဉ်းစောင်းများခြစ်ထားသည့် ထောင့်မှန်စတုဂံနေရာ(shaded rectangle)ဖြင့် ဖော်ပြထားသည်။

ပုံ(၃-၉)မှ T-S diagram တွင် ရေးဆွဲထားသည့် process curve အောက်ရှိ ဧရိယာသည် reversible processes ၌ heat transfer ဖြစ်ပေါ်သည့် ပမာဏကို ဖော်ပြသည်။ Area under the process curve (4-1)သည် evaporator အတွင်း၌ refrigerant မှ စုပ်ယူ လိုက်သည့် အပူပမာဏ(heat absorbed)ကို ဖော်ပြသည်။ Area under the process curve(2-3)သည် condenser အတွင်း၌ refrigerant မှ အပူများကို စွန့်ထုတ်သည့်(heat rejected) ပမာဏကို ဖော်ပြသည်။ အကြမ်းအားဖြင့်(rule of thumb) evaporating temperature ကို 1°C မြှင့်တင်တိုင်း သို့မဟုတ် condensing temperature ကို 1°C လျှော့ချနိုင်တိုင်း COP (၂) ရာခိုင်းနှုန်းမှ (၃) ရာခိုင်းနှုန်း ပိုကောင်း နိုင်သည်။

၃.၃.၄ Ideal Vapor Compression Refrigeration Cycle ဥပမာ (၂)

Refrigerant R-134A ကို အသုံးပြုထားသည့် refrigerator သည် ဖိအား 0.14 MPa နှင့် 0.8 MPa အကြားတွင် မောင်းရန် ဒီဇိုင်းလုပ်ထားသည့် ideal vapor compression refrigeration cycle ဖြစ်သည်။

Refrigerant စီးနှုန်း(mass flow rate) သည် 0.05 kg/s ဖြစ်လျှင် အောက်ပါတို့ကို ရှာပါ။
(၁) Rate of heat removal from the refrigerated space and the power input to the compressor,
(၂) Rate of heat rejection to the environment နှင့်
(၃) Refrigerator ၏ COP ကို ရှာပါ။



ပုံ ၃-၉(ခ) ဥပမာတွင် ဖော်ပြထားသည့် ideal vapor compression refrigeration cycle ၏ T-s diagram

အဖြေ-

Refrigerator များ အားလုံးသည် ဖိအားနှစ်မျိုး အကြားတွင် vapor compression refrigeration cycle ကို အခြေခံ၍ တည်ဆောက်ထားကြသည့် ကိရိယာများဖြစ်သည်။

ယူဆချက်များ(assumptions)

(၁) Component တစ်ခုချင်းစီကို control volume အဖြစ် သတ်မှတ်ပြီး steady state အခြေအနေတွင် လေ့လာ (analyze)သည်။

(၂) Kinetic energy နှင့် potential energy ပြောင်းလဲမှုများကို လျစ်လျူရှု၍ တွက်ချက်သည်။

ပုံ(၃-၉က)တွင် refrigeration cycle ၏ T-s diagram ဖြင့် လေ့လာပုံကို ဖော်ပြထားသည်။ Ideal vapor compression refrigeration cycle ဖြစ်သောကြောင့် compressor သည် isentropic ဖြစ်သည်၊ Condenser မှ refrigerant များသည် saturated liquid အနေဖြင့် ထွက်သွားသည်။ Compressor အတွင်းသို့ saturated vapor ဝင်ရောက်လာသည်ဟု ယူဆထားသည်။

Refrigerant R-134A ဇယားမှ state လေးခုမှ တစ်ခုချင်းစီ၏ refrigerant enthalpy များကို ဖတ်ယူပါသည်။

State 1

State 1 သည် saturated liquid လိုင်းပေါ်တွင် တည်ရှိသောကြောင့် saturated refrigerant- 134a- Pressure table(စာမျက်နှာ 2-32 မှ table A-12)မှ ဖတ်ယူရသည်။ အဘယ်ကြောင့်ဆိုသော် ပုစ္ဆာတွင် pressure တန်ဖိုး (0.14 MPa) ပေးထားသောကြောင့် ဖြစ်သည်။ စာမျက်နှာ 2-32 မှ table A-12 ၌ pressure 140 kPa အတန်းနှင့် saturated vapor h_g colum တို့ ဆုံသည့်နေရာမှ ဖတ်ယူလျှင် 239.16 kJ/kg ရသည်။

P1 = 0.14 MPa → $h1 = h_{g\ @\ 0.14\ MPa} = 239.16$ kJ/kg

$S1 = S_{g\ @\ 0.14\ MPa} = 0.94456$ kJ/kg K

State 2

State 2 သည် superheated region နေရာတွင် ရောက်ရှိနေသောကြောင့် (စာမျက်နှာ 2-33 နှင့် 2-34 မှ table A-13) superheated refrigerant-134a ဇယားမှ ဖတ်ယူရသည်။ စာမျက်နှာ 2-33 နှင့် 2-34 မှ table A-13 ကို ဖတ်ရာတွင် သက်ဆိုင်သည့် ဖိအားကို ပထမဦးစွာ ရွေးချယ်ရသည်။ ဤဥပမာ အရ P2 တန်ဖိုးသည် 0.8 MPa ဖြစ်သောကြောင့် 0.8 MPa ဇယားငယ်နေရာမှ ဖတ်ယူရသည်။ စာမျက်နှာ 2-34 အလယ်နေရာတွင် 0.8 MPa ဇယားငယ် ရှိသည်။ S2 နှင့် S1 တူညီသည်။ တစ်နည်းအားဖြင့် entropy generation မဖြစ်ပေါ်ပေ။ 0.8 MPa ဇယားငယ်မှ S တန်ဖိုး 0.94456 kJ/kg K မှ h2 တန်ဖိုးကို ဖတ်ယူရသည်။ h2 တန်ဖိုးကို တိုက်ရိုက် ဖတ်ယူရန် မဖြစ်နိုင်သောကြောင့် S=0.9480 kJ/kg K လိုင်းမှ h တန်ဖိုးကို ဖတ်၍ တွက်ယူရခြင်း ဖြစ်သည်။

$$\left.\begin{array}{l} P2 = 0.8\ \text{MPa} \\ S2 = S1 = 0.94456\ \text{kJ/kg K} \end{array}\right\}\ h2 = 275.39\ \text{kJ/kg}$$

State 3

State 3 သည် saturated liquid လိုင်းပေါ်တွင် တည်ရှိသောကြောင့် saturated refrigerant- 134a- Pressure table (စာမျက်နှာ 2-32 မှ table A-12)မှ ဖတ်ယူရသည်။ စာမျက်နှာ 2-32 မှ table A-12 ၌ pressure 800 kPa အတန်းနှင့် saturated vapor h_f colum တို့ ဆုံသည့်နေရာမှ ဖတ်ယူလျှင် 95.47 kJ/kg ရသည်။

$$P3 = 0.8\ \text{MPa} \rightarrow h3 = h_{f\ @\ 0.8\ MPa} = 95.47\ \text{kJ/kg}$$

State 4

h4 တန်ဖိုးသည် နှင့် h3 တန်ဖိုးနှင့်တူညီသည်။ Throttling လုပ်ခြင်းကြောင့် enthalpy တန်ဖိုးများ မပြောင်းလဲသွားပေ။

$$h4 \cong h3\ \text{(throttling)} \rightarrow h4 = 95.47\ \text{kJ/kg}$$

(က) Refrigerated space မှ အပူစွန့်ထုတ်နှုန်း(rate of heat removal - $\dot{Q}_L$)နှင့် compressor အတွက် လိုအပ်သည့် power input ($\dot{W}_{in}$)ကို အောက်ပါအတိုင်း တွက်ယူနိုင်သည်။

Refrigerated space မှ အပူဖယ်ထုတ်နှုန်း(rate of heat removal - $\dot{Q}_L$)

$$\dot{Q}_L = \dot{m}(h_1 - h_4) = (0.05\ kg/s)\,[(239.16 - 95.47)\ kJ/kg] = 7.18\ kW$$

Power input ($\dot{W}_{in}$)

$$\dot{W}_{in} = \dot{m}(h_2 - h_1) = (0.05\ kg/s)\,[(275.39 - 239.16)\ kJ/kg] = 1.81\ kW$$

(ခ) Refrigerant မှ ပြင်ပ(environment)သို့ စွန့်ထုတ်လိုက်သည့် အပူစွန့်ထုတ်နှုန်း(rate of heat rejection)

$$\dot{Q}_H = \dot{m}(h_2 - h_3) = (0.05\ kg/s)\,[(275.39 - 95.47)\ kJ/kg] = 9.0\ kW$$

Energy balance equation မှ တွက်ယူနိုင်သည်။

$$\dot{Q}_H = \dot{Q}_L - \dot{W}_{in} = 7.18 + 1.81 = 8.99\ kW$$

$$COP_R = \frac{\dot{Q}_L}{\dot{W}_{in}} = \frac{h_1 - h_4}{h_2 - h_1} = \frac{7.18\ kW}{1.81\ kW} = 3.97$$

Refrigerator သည် အပူစွမ်းအင်(thermal energy) (၄)ယူနစ်ခန့်ကို refrigerated space မှ ဖယ်ထုတ်ပစ်ရန် အတွက် လျှပ်စစ်ဓာတ်အား(electric energy) (၁)ယူနစ်ကို အသုံးပြုသည်။

၃.၃.၅ Ideal Vapor Compression Refrigeration Cycle ဥပမာ(၃)



ပုံ ၃-၉(ဂ) ဥပမာတွင် ဖော်ပြထားသည့် ideal vapor compression refrigeration cycle ၏ T-s diagram

Ideal vapor compression refrigeration cycle တစ်ခုတွင် refrigerant R-134a ကို working fluid အဖြစ် အသုံးပြုထားသည်။ COP နှင့် power requirement တို့ကိုရှာပါ။

အဖြေ-

ယူဆချက်များ(assumptions)

(၁) Component တစ်ခုချင်းစီကို control volume အဖြစ် သတ်မှတ်ပြီး steady state အခြေအနေတွင် လေ့လာ (analyze)သည်။

(၂) Kinetic energy နှင့် potential energy ပြောင်းလဲမှုများကို လျစ်လျူရှု၍ တွက်ချက်သည်။



ပုံ ၃-၁၀

Ideal vapor compression refrigeration cycle တွင် compression process သည် isentropic ဖြစ်သည်။ Refrigerant များ compressor အတွင်းသို့ evaporator ဖိအား(pressure) အောက်တွင် saturated vapor အဖြစ် ဝင်ရောက်လာသည်။ Condenser မှ condenser ဖိအား(pressure) အောက်တွင် saturated liquid အဖြစ် ထွက်သွားသည်။ (စာမျက်နှာ 2-30 နောက်ပိုင်းမှ table A-11 ၊ A-12 နှင့် A-13)

State 1

State 1 သည် saturated liquid လိုင်းပေါ်တွင် တည်ရှိသောကြောင့် saturated refrigerant- R134a temperature table(စာမျက်နှာ 2-30 နှင့် 2-31 မှ table A-11)မှ ဖတ်ယူရသည်။ အဘယ်ကြောင့်ဆိုသော် ပုစ္ဆာတွင် temperature (4°C) ပေးထားသောကြောင့်ဖြစ်သည်။ စာမျက်နှာ 2-30 နှင့် 2-31 မှ table A-11 ၌ temperature (4°C)အတန်းနှင့် saturated vapor h_g colum တို့ ဆုံသည့်နေရာမှ ဖတ်ယူလျှင် 252.77 kJ/kg ရသည်။ State 1 ၌ အပူချိန် 4°C သည် saturated vapor အခြေအနေ ဖြစ်သည်။

$$\left.\begin{array}{l} T_1 = 4°\text{C} \\ \text{sat. vapor} \end{array}\right\} \begin{array}{l} h_1 = h_{g\,@\,4°\text{C}} = 252.77\ \text{kJ/kg} \\ s_1 = s_{g\,@\,4°\text{C}} = 0.92927\ \text{kJ/kg}\cdot\text{K} \end{array}$$

State 2

State 2 သည် superheated region နေရာတွင် ရောက်ရှိနေသောကြောင့် superheated refrigerant-134a ဇယား(စာမျက်နှာ 2-33 နှင့် 2-34 မှ table A-13)မှ ဖတ်ယူရသည်။ Table A-13 ဖတ်ရာတွင် သက်ဆိုင်သည့် ဖိအားကို ပထမဦးစွာ ရွေးချယ်ရသည်။ ဤဉပမာ အရ P2 တန်ဖိုးသည် 1.0 MPa ဖြစ်သောကြောင့် 1.0 MPa ဇယားငယ် နေရာမှ ဖတ်ယူရသည်။ စာမျက်နှာ 2-34 အလယ်နေရာတွင် 1.0 MPa ဇယားငယ် ရှိသည်။ S2 နှင့် S1 တူညီသည်။ တစ်နည်းအားဖြင့် entropy generation မဖြစ်ပေါ်ပေ။ 1.0 MPa ဇယားငယ်မှ S တန်ဖိုး 0.92927 မှ h2 တန်ဖိုးကို ဖတ်ယူရသည်။ h2 တန်ဖိုးကို တိုက်ရိုက် ဖတ်ယူရန် မဖြစ်နိုင်သောကြောင့် S=0.9525 kJ/kg K လိုင်းမှ h တန်ဖိုးကို ဖတ်၍ တွက်ယူရခြင်း ဖြစ်သည်။

$$\left.\begin{array}{l} P_2 = 1\ \text{MPa} \\ s_2 = s_1 \end{array}\right\} h_2 = 275.29\ \text{kJ/kg}$$

State 3

State 3 သည် saturated liquid လိုင်းပေါ်တွင် တည်ရှိသောကြောင့် saturated refrigerant- 134a- Pressure table (စာမျက်နှာ 2-32 မှ table A-12)မှ ဖတ်ယူရသည်။ စာမျက်နှာ 2-32 မှ table A-12 ၌ pressure 1000 kPa အတန်းနှင့် saturated vapor h_f colum တို့ ဆုံသည့်နေရာမှ ဖတ်ယူလျှင်107.32 kJ/kg ရသည်။

$$\left.\begin{array}{l} P_3 = 1\ \text{MPa} \\ \text{sat. liquid} \end{array}\right\} h_3 = h_{f\,@\,1\,\text{MPa}} = 107.32\ \text{kJ/kg}$$

State 4

h4 တန်ဖိုးသည် နှင့် h3 တန်ဖိုးနှင့်တူညီသည်။ Throttling လုပ်ခြင်းကြောင့် enthalpy တန်ဖိုးများ မပြောင်းလဲသွားပေ။

$$h_4 \cong h_3 = 107.32\ \text{kJ/kg} \quad (\text{throttling})$$

Refrigerant ၏ mass flow rate

$$\dot{W}_{in} = \dot{m}_R\,(h_2 - h_1) - \dot{Q}_{in}$$

$$\dot{Q}_L = \dot{m}\,(h_1 - h_4) \rightarrow \dot{m} = \frac{\dot{Q}_L}{(h_1 - h_4)} = \frac{400\ kJ/s}{(252.77 - 107.32)\ kJ/kg} = 2.750\ kg/s$$

Power requirement သည်

$$\dot{W}_{in} = \dot{m}\,(h_2 - h_1) = (2.750\ \text{kg/s})(275.29 - 252.77)\ \text{kJ/kg} = 61.93\ \text{kW}$$

Refrigerator ၏ COP သည်

$$COP_{Max} = \frac{\dot{Q}_L}{\dot{W}_{in}} = \frac{400\ \text{kW}}{61.93\ \text{kW}} = 6.46$$

အထက်ပါ ဉပမာမှ condenser pressure ကို 0.9 MPa ပြောင်း၍ လေ့ကျင့်ခန်းအဖြစ် တွက်ပါ။

၃.၃.၆ Ideal Vapor Compression Refrigeration Cycle ဥပမာ(၄)



ပုံ ၃-၁၁

အထက်ပါ ဥပမာမှ throttling valve နေရာတွင် isentropic turbine ဖြင့် ပြောင်းလဲတပ်ဆင်လိုက်လျှင် ပိုကောင်းလာမည့် COP (percentage) နှင့် refrigerated space မှ အပူ စွန့်ထုတ်နှုန်း(rate of heat removal) ကို ရှာပါ။

Answers: 4.2 percent, 4.2 percent

အဖြေ- Ideal vapor compression refrigeration cycle တစ်ခုတွင် refrigerant R-134a ကို working fluid အဖြစ် အသုံးပြုထားသည်။ Throttling valve နေရာတွင် isentropic turbine ဖြင့် ပြောင်းလဲ တပ်ဆင်သည်။

ယူဆချက်များ(assumptions)

(၁) Component တစ်ခုချင်းစီကို control volume အဖြစ် သတ်မှတ်ပြီး steady state အခြေအနေတွင် လေ့လာ (analyze)သည်။

(၂) Kinetic energy နှင့် potential energy ပြောင်းလဲမှုများကို လျစ်လျူရှု၍ တွက်ချက်သည်။

Throttling valve နေရာတွင် isentropic turbine ဖြင့် ပြောင်းလဲ တပ်ဆင်သည့်အခါ

s4s = s3 = sf @ 0.7 MPa = 0.33230 kJ/kg·K

Turbine အထွက်အခြေအနေ(exit)တွင် ရှိမည့် enthalpy တန်ဖိုးသည်

$$x_{4s} = \left(\frac{s_3 - s_f}{s_{fg}}\right)_{@\ 120\ \text{kPa}} = \frac{0.33230 - 0.09275}{0.85503} = 0.2802$$

$$h_{4s} = \left(h_f + x_{4s} h_{fg}\right)_{@\ 120\ \text{kPa}} = 22.49 + (0.2802)(214.48) = 82.58\ \text{kJ/kg}$$

$$\dot{Q}_L = \dot{m}\,(h_1 - h_{4s}) = (0.05\ \text{kg/s})(236.97 - 82.58)\ \text{kJ/kg} = 7.72\ \text{kW}$$

$$COP_R = \frac{\dot{Q}_L}{\dot{W}_{in}} = \frac{7.72\ \text{kW}}{1.83\ \text{kW}} = 4.23$$

$\dot{Q}_L$ နှင့် COP တို့တွင် ပိုကောင်းလာသည့် ရာခိုင်နှုန်း(percentage) ကို တွက်ယူသည်။

$\dot{Q}_L$ ပိုများလာသည့် ရာခိုင်နှုန်း(percentage)

$$\dot{Q}_L = \frac{\Delta\dot{Q}_L}{\dot{Q}_L} = \frac{7.72 - 7.41}{7.41} = 4.2\%$$

COP_R ပိုကောင်းလာသည့် ရာခိုင်နှုန်း(percentage)

$$COP_R = \frac{\Delta COP_R}{COP_R} = \frac{4.23 - 4.06}{4.06} = 4.2\%$$

၃.၃.၇ Ideal Vapor Compression Refrigeration Cycle ဥပမာ (၅)

Ideal vapor compression refrigeration cycle တစ်ခုတွင် refrigerant-134a ကို working fluid အဖြစ် အသုံးပြု ထားသည်။ Refrigerant ၏ mass flow rate နှင့် power requirement များကို တွက်ပါ။

အဖြေ-

ယူဆချက်(assumptions)

(၁) Component တစ်ခုချင်းစီကို control volume အဖြစ် သတ်မှတ်ပြီး steady state အခြေအနေတွင် လေ့လာ (analyze)သည်။

(၂) Kinetic energy နှင့် potential energy ပြောင်းလဲမှု များကို လျစ်လျူရှု၍ တွက်ချက်သည်။



ပုံ ၃-၁၂(က)



ပုံ ၃-၁၂(ခ)

Ideal vapor compression refrigeration cycle တစ်ခုတွင် compression process သည် isentropic ဖြစ်သည်။ Compressor အတွင်းသို့ refrigerant များ evaporator pressure အောက်တွင် saturated vapor အဖြစ် ဝင်ရောက်လာသည်။ Condenser အတွင်းမှ condenser pressure အောက်တွင် saturated liquid အဖြစ် ထွက်သွားသည်။ Refrigerant table များ(စာမျက်နှာ 2-30 နောက်ပိုင်းမှ table A-11 ၊ A-12 နှင့် A-13)မှ တန်ဖိုးများကို ဖတ်ယူပါ။

State 1

State 1 သည် saturated liquid လိုင်းပေါ်တွင် တည်ရှိသောကြောင့် saturated refrigerant- R134a pressure table (စာမျက်နှာ 2-32 မှ table A-12)မှ ဖတ်ယူရသည်။ အဘယ်ကြောင့်ဆိုသော် ပုစ္ဆာတွင် pressure တန်ဖိုး(400 kPa) ပေးထားသောကြောင့် ဖြစ်သည်။ စာမျက်နှာ 2-32 မှ table A-12 ၌ pressure 400 kPa အတန်းနှင့် saturated vapor h_g colum တို့ ဆုံသည့်နေရာမှ ဖတ်ယူလျှင် 255.55 kJ/kg ရသည်။

$$\left.\begin{array}{l} P_1 = 400\,\text{kPa} \\ \text{sat. vapor} \end{array}\right\} \begin{array}{l} h_1 = h_{g\,@\,400\,\text{kPa}} = 255.55\,\text{kJ/kg} \\ s_1 = s_{g\,@\,400\,\text{kPa}} = 0.92691\,\text{kJ/kg}\cdot\text{K} \end{array}$$

State 2

State 2 သည် superheated region နေရာတွင် ရောက်ရှိနေသောကြောင့် superheated refrigerant-R134a ဇယား(စာမျက်နှာ 2-33 နှင့် 2-34 မှ table A-13)မှ ဖတ်ယူရသည်။ Table A-13 ဖတ်ရာတွင် သက်ဆိုင်သည့် ဖိအားကို ပထမဦးစွာ ရွေးချယ်ရသည်။ ဤဥပမာအရ P2 တန်ဖိုးသည် 0.8 MPa ဖြစ်သောကြောင့် 0.8 MPa ဇယားငယ်နေရာမှ ဖတ်ယူရသည်။ စာမျက်နှာ 2-34 အလယ်နေရာတွင် 0.8 MPa ဇယားငယ် ရှိသည်။ S2 နှင့် S1 တူညီသည်။ တစ်နည်းအားဖြင့် entropy generation မဖြစ်ပေါ်ပေ။ 0.8 MPa ဇယားငယ်မှ S တန်ဖိုး 0.92691 kJ/kg K မှ h2 တန်ဖိုးကို ဖတ်ယူရသည်။ h2 တန်ဖိုးကို တိုက်ရိုက် ဖတ်ယူရန် မဖြစ်နိုင်သောကြောင့် S=0.9480 kJ/kg K လိုင်းမှ h တန်ဖိုးကို ဖတ်၍ တွက်ယူရခြင်း ဖြစ်သည်။

$$\left.\begin{array}{l} P_2 = 800\,\text{kPa} \\ s_2 = s_1 \end{array}\right\} h_2 = 269.90\,\text{kJ/kg}$$

State 3

State 3 သည် saturated liquid လိုင်းပေါ်တွင် တည်ရှိသောကြောင့် saturated refrigerant- R134a-pressure table (စာမျက်နှာ 2-32 မှ table A-12) မှ ဖတ်ယူရသည်။ စာမျက်နှာ 2-32 မှ table A-12 ၌ pressure 800 kPa အတန်းနှင့် saturated vapor h_f colum တို့ ဆုံသည့်နေရာမှ ဖတ်ယူလျှင် 95.47 kJ/kg ရသည်။

$$\left.\begin{array}{l} P_3 = 800\,\text{kPa} \\ \text{sat. liquid} \end{array}\right\} h_3 = h_{f\,@\,800\,\text{kPa}} = 95.47\,\text{kJ/kg}$$

State 4

h4 တန်ဖိုးသည် နှင့် h3 တန်ဖိုးနှင့်တူညီသည်။ Throttling လုပ်ခြင်းကြောင့် enthalpy တန်ဖိုးများ မပြောင်းလဲသွားပေ။

$$h_4 \cong h_3 = 95.47\,\text{kJ/kg} \quad \text{(throttling)}$$

Refrigerant ၏ mass flow rate သည်

$$\dot{Q}_L = \dot{m}\,(h_1 - h_4) \rightarrow \dot{m} = \frac{\dot{Q}_L}{(h_1 - h_4)} = \frac{10\ \text{kJ/s}}{(255.55 - 95.47)\ \text{kJ/kg}} = 0.06247\ \text{kg/s}$$

Power requirement သည်

$$\dot{W}_{in} = \dot{m}\,(h_2 - h_1) = (0.06247\ \text{kg/s})(269.90 - 255.55)\ \text{kJ/kg} = 0.8964\ \text{kW}$$

၃.၃.၈ Ideal Vapor Compression Refrigeration Cycle ဥပမာ (၆)

Refrigerator တစ်လုံးတွင် refrigerant-134a ကို working fluid အဖြစ် အသုံးပြုထားသည်။ Ideal vapor compression refrigeration cycle အဖြစ်သတ်မှတ်၍

(က) refrigerant ၏ mass flow rate

(ခ) condenser pressure နှင့်

(ဂ) refrigerator ၏ COP တို့ကို ရှာပါ။

အဖြေ-

ယူဆချက်များ(assumptions)

(၁) Component တစ်ခုချင်းစီကို control volume အဖြစ် သတ်မှတ်ပြီး steady state အခြေအနေတွင် လေ့လာ (analyze)သည်။

(၂) Kinetic energy နှင့် potential energy ပြောင်းလဲမှုများကို လျစ်လျူရှု၍ တွက်ချက်သည်။

(က)Refrigerant table များမှ တန်ဖိုးများကို ဖတ်ယူပါ။

$$\left.\begin{aligned}P_4 &= 120\text{ kPa}\\ x_4 &= 0.30\end{aligned}\right\} h_4 = 86.83\text{ kJ/kg}$$

$$h_3 = h_4$$

$$\left.\begin{aligned}h_3 &= 86.83\text{ kJ/kg}\\ x_3 &= 0\text{ (sat. liq.)}\end{aligned}\right\} P_3 = \mathbf{671.8\ kPa}$$

$$P_2 = P_3$$

$$\left.\begin{aligned}P_2 &= 671.8\text{ kPa}\\ T_2 &= 60°\text{C}\end{aligned}\right\} h_2 = 298.87\text{ kJ/kg}$$

$$\left.\begin{aligned}P_1 = P_4 &= 120\text{ kPa}\\ x_1 &= 1\text{ (sat. vap.)}\end{aligned}\right\} h_1 = 236.97\text{ kJ/kg}$$



ပုံ ၃-၁၃

Refrigerant ၏ mass flow rate သည်

$$\dot{m} = \frac{\dot{W}_{in}}{h_2 - h_1} = \frac{0.45\text{ kW}}{(298.87\ 236.97)\text{kJ/kg}} = 0.00727\text{ kg/s}$$

(ဂ) Refrigeration load နှင့် COP သည်

$$\dot{Q}_L = \dot{m}\,(h_1 - h_4) = (0.0727\text{ kg/s})(236.97\ 86.83)\text{kJ/kg} = 1.091\text{kW}$$

$$COP_R = \frac{\dot{Q}_L}{\dot{W}_{in}} = \frac{1.091\text{kW}}{0.45\text{ kW}} = 2.43$$

၃.၄ Ideal Cycles နှင့် Actual Cycles တို့၏ ကွာခြားချက်များ



ပုံ ၃-၁၄ Actual vapor compression cycle တစ်ခု၏ T-s diagram

Ideal cycle နှင့် actual cycle တို့ ခြားနားချက်များမှာ component များ၌ ဖြစ်ပေါ်သည့် irreversibility ကြောင့် ဖြစ်သည်။

(၁) Ideal cycle တွင် refrigerant များသည် compressor အတွင်းသို့ saturated vapor အနေဖြင့် ဝင်ရောက်လာသည်ဟု ယူဆထားသော်လည်း လက်တွေ့ အခြေအနေတွင် refrigerant များသည် compressor အတွင်းသို့ superheated vapor အဖြစ် ဝင်ရောက်လာကြသည်။

(၂) Evaporator နှင့် compressor ကို ဆက်ထားသည့် ပိုက်ကို suction line ဟုခေါ်သည်။ Suction line ရှည်လွန်းသည့်အခါ ဖိအားကျဆင်းမှု(pressure drop)နှင့် အနီးဝန်းကျင်သို့ အပူစီးကူးမှု(heat transfer) ပိုမိုများလာနိုင်သည်။ Ideal cycle တွင် ထိုအရာများ မဖြစ်ပေါ်ဟု ယူဆထားသည်။ ပုံ(၃-၁၄)မှ process 6-1 ရည်ညွှန်းသည်။ လက်တွေ့မောင်းနေချိန်တွင် ဖိအားကျဆင်းမှု(pressure drop) ဖြစ်ပေါ်သည်။

(၃) Compressor များသည် လက်တွေ့ အခြေအနေတွင် internally reversible မဖြစ်နိုင်သောကြောင့် entropy ပိုများလာနိုင်သည်။ Entropy generation ဖြစ်သည်ဟု ပြောဆိုလေ့ရှိသည်။ သို့သော် multi-stage compressor များတွင် intercooler တပ်ဆင်ထားခြင်း သို့မဟုတ် refrigerant ဖြင့် အေးအောင် ပြုလုပ်ခြင်း ဖြင့်လည်း entropy မများအောင် ပြုလုပ် နိုင်သည်။ ပုံ(၃-၁၄)တွင် state 2'နေရာကို ရည်ညွှန်းသည်။

(၄) လက်တွေ့အခြေအနေတွင် refrigerant များသည် condenser မှ sub-cooled liquid အခြေအနေဖြင့် ထွက်သွားသည်။ ပုံ(၃-၁၄)တွင် point 3 မှ point 4 သည် sub-cooling process ဖြစ်သည်။ Sub-cooling ဖြစ်ခြင်းကြောင့် cooling capacity ပိုများလာနိုင်ပြီး expansion valve အတွင်းသို့ vapor (bubbles) အနေဖြင့် ဝင်ရောက်ခြင်းမှ ကာကွယ်ပေးသည်။

(၅) Condenser အတွင်း၌ အပူစွန့်ထုတ်ခြင်း(heat rejection) နှင့် evaporator အတွင်း၌ အပူ စုပ်ယူခြင်း(heat addition)တို့ ဖြစ်နေစဉ် refrigerant ၏ ဖိအား ပြောင်းလဲနေသည်။ Ideal cycle တွင် ပုံသေ ဖိအား (constant pressure)၌ အပူစွန့်ထုတ်ခြင်း (heat rejection)နှင့် အပူစုပ်ယူခြင်း(heat addition) ဖြစ်ပေါ် သည်ဟု ယူဆထားသည်။

၃.၅ Practical Considerations and COP

Refrigerant R134a ကို အသုံးပြုထားသည့် simple circuit တစ်ခုကို ပုံ(၃-၆)တွင် ဖော်ပြထားသည်။

ပုံ(၃-၆)မှ အပူချိန် 5°C တွင် evaporation ဖြစ်ပြီး 35°C တွင် condensation ဖြစ်သည်။ Pressure နှင့် enthalpy တို့ကို အောက်တွင် ဖော်ပြထားသည်။

Enthalpy of fluid entering evaporator	=	249.7 kJ/kg
Enthalpy of saturated vapor leaving evaporator	=	395.6 kJ/kg
Cooling effect = 395.6 - 249.7	=	145.9 kJ/kg
Enthalpy of superheated vapor leaving compressor (isentropic compression)	=	422.5

Vapor compression cycle သည် စက်မှုစွမ်းအင်(mechanical energy)ကို အသုံးပြု၍ အပူစွမ်းအင်(heat energy)ကို ဖယ်ထုတ်ခြင်း ဖြစ်သည်။ ထိုစွမ်းအင် နှစ်မျိုး၏ ပမာဏမှတစ်ဆင့် system ၏ စွမ်းဆောင်ရည် (performance)ကို တွက်ယူနိုင်သည်။

> Ideal သို့မဟုတ် theoretical vapor compression cycle ၏ Coefficient Of Performance (COP)သည် Carnot cyle ၏ Coefficient Of Performance(COP)ထက် နည်းသည်။ Ideal vapor compression cycle COP သည် အသုံးပြုထားသည့် refrigerant ၏ ဂုဏ်သတ္တိများ အပေါ်တွင် မူတည်သည်။



ပုံ ၃-၁၅ Evaporator နှင့် condenser တို့၌ အပူစီးကူးမှု ဖြစ်ပေါ်စေရန်အတွက် အပူချိန်ကွာခြားချက် (temperature difference) လိုအပ်ပုံကို ဖော်ပြထားသည်။

> Heat exchanger အရွယ်အစားကြီးလေ အပူချိန် ခြားနားချက်(temperature difference) နည်းလေ ဖြစ်သည်။ Refrigerant အပူချိန် နှင့် medium အပူချိန်ခြားနားချက် အနည်းငယ်သာ ဖြစ်ရန် လိုအပ်သည်။ Cycle ၏ COP သည် condenser နှင့် evaporator အပူချိန် ခြားနားချက်(temperature difference) အပေါ်တွင် မူတည်၏။ (see Table 3-2).

Table 3-2 တွင် cycle ၏ temperature lift မြင့်တက်လာခြင်းကြောင့် heat exchanger အပူချိန် ခြားနားချက်(temperature difference)ပိုများကာ Carnot COP ကျဆင်းသွားပုံကို ဖော်ပြထားသည်။

Table 3-2 COP values at 5°C, with an outside air temperature of 35°C (refrigerant R404A)

Δ T at evaporator and condenser (K)	0	5	10
Evaporating temperature (°C)	-5	-10	-15
Condensing temperature (°C)	35	40	45
Temperature lift (K)	40	50	60
Evaporating pressure (bar absolute)	5.14	4.34	3.64
Condensing pressure (bar absolute)	16.08	18.17	20.47
Pressure ratio	3.13	4.19	5.62
Carnot COP (refrigeration cycle)	6.70	5.26	4.30
COP, ideal vapor compression cycle [1]	4.96	3.56	2.62
COP with 70% efficient compression [2]	3.47	2.49	1.83
System efficiency index, SEI [3]	0.518	0.372	0.273

Note 1: The ideal vapor compression cycle with constant enthalpy expansion and isentropic adiabatic compression with refrigerant R404A.

Note 2: The vapor compression cycle as above and with 70% efficient compression with R404A and no other losses.

Note 3: SEI is the ratio between the actual COP and the Carnot COP with reference to the cooling load and outside air temperatures, i.e. when the heat exchanger temperature differences, ΔT, are zero. SEI decreases as ΔT increases due to less effective heat exchangers. Values are shown for the cycle with 70% efficient compression. Actual values will tend to be lower due to pressure drops and other losses.

Heat exchanger ၏ အရွယ်အစား(size)ကြောင့် လက်တွေ့ အခြေအနေတွင် အကျိုးသက်ရောက်မှုများ ရှိနိုင်သည်။
Evaporator အရွယ်အစား ကြီးမားလာခြင်းကြောင့် အောက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်သည်။

(၁) Suction pressure မြင့်တက်လာပြီး သိပ်သည်းဆများခြင်းကြောင့် gas များ compressor အတွင်းသို့ ပိုဝင်ရောက်သည်။ Swept volume တူညီသော်လည်း ပိုများသည့် mass များ ဝင်ရောက်လာခြင်းကြောင့် refrigeration effect ပိုများလာသည်။

(၂) Suction pressure မြင့်မားသောကြောင့် compression ratio နည်းသွားသည်။ စွမ်းအင်သုံးစွဲမှု နည်းသည်။

Condenser အရွယ်အစား ကြီးမားလာခြင်းကြောင့် အောက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်သည်။

(၁) Condensing temperature ကျဆင်းပြီး colder liquid များ expansion valve အတွင်းသို့ ဝင်ရောက်သောကြောင့် cooling effect ပိုများလာသည်။

(၂) Discharge pressure နိမ့်သောကြောင့် compression ratio နည်းသွားသည်။ စွမ်းအင်သုံးစွဲမှုနည်းသည်။

ဥပမာ-

Refrigerant R134a ကို အသုံးပြုထားသည့် refrigeration cycle တစ်ခုသည် အခန်း တစ်ခုကို အပူချိန် 0°C တွင် ထိန်းထားရန် လိုအပ်ပြီး ပြင်ပအချိန် 30°C ရှိသည့်နေရာသို့ အပူများကို စွန့်ထုတ်ပစ်ရန် ဒီဇိုင်း လုပ်ထားသည်။ Evaporator နှင့် condenser တို့ ၏ အပူချိန် ခြားနားချက်(temperature difference)သည် 5 K ဖြစ်သည်။ Refrigeration cycle ၏ Carnot COP နှင့် R134a အသုံးပြုထားသည့် ideal vapor compression cycle COP ကို ရှာပါ။

အဖြေ - Carnot COP for 0°C (273 K) to 30°C (303 K)

$$\boldsymbol{Carnot\ COP} = \frac{\mathbf{273}}{(\mathbf{303-273})} = \mathbf{9.1}$$

Evaporator နှင့် condenser တို့၏ အပူချိန်ခြားနားချက်(temperature difference)သည် 5K ဖြစ်သော ကြောင့် refrigeration cycle ၏ evaporating အပူချိန်သည် 5°C ဖြစ်သည်။ Condensing အပူချိန်သည် 35°C ဖြစ်သည်။ အခန်းအပူချိန် 0°C မှ အပူများကိုစုပ်ယူရန် chiller ၏ evaporator အတွင်းရှိ refrigerant ၏ အပူချိန်သည် -5°C ဖြစ်ရမည်။ ပြင်ပအပူချိန် 30°C သို့ အပူများကို စွန့်ထုတ်ရန်အတွက် chiller ၏ condenser အတွင်းရှိ refrigerant ၏ အပူချိန်သည် 35°C ဖြစ်ရမည်။ အဘယ်ကြောင့်ဆိုသော် evaporator နှင့် condenser တို့၏ အပူချိန် ခြားနားချက်သည် 5K ဖြစ်သောကြောင့် ဖြစ်သည်။

Refrigeration cycle ၏ evaporating အပူချိန်သည် –5°C ဖြစ်ပြီး condensing အပူချိန်သည် 35°C ဖြစ်လျှင် Carnot COP ကို ရှာပါ။

$$\boldsymbol{Carnot\ COP} = \frac{\mathbf{268}}{(\mathbf{303-268})} = \mathbf{6.7}$$

R-134a အတွက် (စာမျက်နှာ 3-18 မှ)

Cooling effect = 395.6 - 249.7 = 145.9 kJ/kg

Compressor energy input = 422.5 - 395.6 = 26.9 kJ/kg.

Ideal R134a vapor compression cycle COP

$$\boldsymbol{Ideal\ R134a\ vapor\ compression\ cycle\ COP} = \frac{\boldsymbol{Cooling\ Effect\ (Q)}}{\boldsymbol{Compressor\ Energy\ Input\ (W_{input})}}$$

$$= \frac{\mathbf{145.9}\ \boldsymbol{kJ/kg}}{\mathbf{26.9}\ \boldsymbol{kJ/kg}} = \mathbf{6.7}$$

Mechanical နှင့် thermal loss များကြောင့် actual cycle COP သည် 6.7 ထက် ပိုညံ့ဖျင်းနိုင်သည်။ COP သည် cooling effect နှင့် compressor input power တို့၏ အချိုးဖြစ်သည်။ Vapor compression cycle များ ဒီဇိုင်း လုပ်ရန် နှင့် အမှားရှာဖွေရန်အတွက် P–h သို့မဟုတ် Mollier diagram ကို အသေးစိတ် စနစ်တကျ နားလည်ရန် လိုအပ်သည်။

၃.၆ Refrigeration and Heat Pumps

ပုံ(၃-၁၆)တွင် ဖော်ပြထားသည့် အိမ်သုံး ရေခဲသေတ္တာမှ freezer compartment အတွင်းရှိ tube များသည် ရေခဲ သေတ္တာအတွင်းမှ အပူများကို စုပ်ယူပြီး evaporator အဖြစ် ဆောင်ရွက် ပေးသည်။ ရေခဲသေတ္တာ နောက်၌ ရှိနေသည့် coil သည် အပူများကို စွန့်ထုတ်သည့် condenser အဖြစ် ဆောင်ရွက်ပေးသည်။

$$(\boldsymbol{q_{in}} - \boldsymbol{q_{out}}) = (\boldsymbol{w_{in}} - \boldsymbol{w_{in}}) = \boldsymbol{h_e} - \boldsymbol{h_i}$$

$$\boldsymbol{COP_R} = \frac{\boldsymbol{q_L}}{\boldsymbol{W_{net\ in}}} = \frac{\boldsymbol{h_1} - \boldsymbol{h_4}}{\boldsymbol{h_2} - \boldsymbol{h_1}}$$

$$COP_{HP} = \frac{q_H}{W_{net\ in}} = \frac{h_2 - h_3}{h_2 - h_1}$$

where $h_2 = h_{g\,@\,P1}$ and $h_3 = h_{f\,@\,P3}$ for the ideal case.

Q_L သည် အပူချိန်နိမ့်သည့်နေရာ(T_L)မှ စုပ်ယူလိုက်သည့် အပူပမာဏ ဖြစ်သည်။
Q_H သည် အပူချိန်မြင့်သည့်နေရာ(T_H)သို့ စွန့်ထုတ်ပစ်လိုက်သည့် အပူပမာဏ ဖြစ်သည်။
W_{net} သည် refrigerator သို့ ထည့်ပေးရမည့် net work input ဖြစ်သည်။



ပုံ ၃-၁၆ အိမ်သုံး ရေခဲသေတ္တာ (household refrigerator) တစ်လုံးပုံ



ပုံ ၃-၁၇ (a)Refrigerator (b) Heat pump

အပူချိန်မြင့်သည့်နေရာမှ အပူ(heat)သည် အပူချိန်နိမ့်သည့် နေရာသို့ သဘာဝအတိုင်း အလိုအလျောက် စီးဆင်းနိုင်သည်။ သို့သော် အပူချိန် နိမ့်သည့်နေရာ အပူ(heat)သည် အပူချိန် မြင့်သည့် နေရာသို့ အလိုအလျောက် စီးဆင်းရန် မဖြစ်နိုင်ပေ။

အပူချိန်နိမ့်သည့်နေရာမှ အပူ(heat)များသည် အပူချိန် မြင့်သည့် နေရာသို့ အပူ(heat)များ ကူးပြောင်း (transfer) သွားအောင် ပြုလုပ်ပေးသည့် ကိရိယာများ(devices)ကို refrigerator သို့မဟုတ် refrigeration machine ဟု ခေါ်သည်။

Refrigerator တစ်လုံးကို ပုံ(၃-၁၆) နှင့် ပုံ(၃-၁၇a)တွင် ဖော်ပြထားသည်။ T_L သည် အပူချိန် နိမ့်သည့်နေရာ (အေးသည့်နေရာ)၏ အပူချိန် ဖြစ်သည်။ T_H သည် ပူသည့် နေရာ(အပူချိန်မြင့်သည့်နေရာ)၏ အပူချိန် ဖြစ်သည်။

အပူချိန်နိမ့်သည့်နေရာမှ အပူ(heat)များ အပူချိန်မြင့်သည့်နေရာသို့ ကူးပြောင်း(transfer)သွားအောင် ပြုလုပ်ပေးသည့် ကိရိယာများ(devices)ကို heat pump ဟု ခေါ်သည်။ Device တစ်မျိုးတည်းသာဖြစ်ပြီး အသုံးပြုပုံ မူတည်၍ refrigerator နှင့် heat pump ကွဲပြားခြင်းဖြစ်သည်။

Refrigerator နှင့် heat pump တို့၏ performance ကို Coefficient of Performance (COP)ဖြင့် ဖော်ပြသည်။

$$COP_R = \frac{Desired\ output}{Required\ input} = \frac{Cooling\ effect}{Work\ input} = \frac{Q_L}{W_{net\ input}}$$

$$COP_{HP} = \frac{Desired\ output}{Required\ input} = \frac{Heating\ effect}{Work\ input} = \frac{Q_H}{W_{net\ in}}$$

$$COP_{HP} = COP_R + 1$$

COP_R နှင့် COP_{HP} တို့သည် (၁)ထက် ပိုများသည့် တန်ဖိုးများ ဖြစ်ကြသည်။

Refrigeration system တစ်ခု၏ cooling capacity သည် အပူချိန်နိမ့်သည့် နေရာ(refrigerated space)မှ အပူကိုဖယ်ထုတ်နိုင်သည့်နှုန်း(rate of heat removal) ဖြစ်ပြီး tons of refrigeration ဖြင့် ဖော်ပြလေ့ရှိသည်။

One ton of refrigeration ဆိုသည်မှာ အပူချိန် 0°C(32°F)တွင် ရေခဲတစ်တန်ကို အပူချိန် 0°C ရေ(liquid water)ကို အဖြစ်သို့ (၂၄)နာရီအတွင်း ရောက်အောင် ဖယ်ထုတ်ပေးရန် လိုအပ်သော အပူပမာဏဖြစ်သည်။ One ton of refrigeration သည် 211 kJ/min၊ 12,000 Btu/hr သို့မဟုတ် 200 Btu/min နှင့် ညီမျှသည်။



ပုံ ၃-၁၈ Schematic and T-s diagram for the ideal vapor compression refrigeration cycle.



ပုံ ၃-၁၉ The P-h diagram of an ideal vapor compression refrigeration cycle.

၃.၇ Actual Vapor Compression Refrigeration Cycle

Actual vapor compression refrigeration cycle တွင် ideal cycle နှင့် မတူညီသည့် ကွာခြားချက်များစွာ ရှိသည်။ ပါဝင်သည့် component များတွင် irreversibility ဖြစ်ပေါ်သည်။ အရည်များ ပွတ်တိုက်မှု(fluid

friction)ကြောင့် ဖြစ်ပေါ်သော ဖိအားကျဆင်းမှု(pressure drop)က irreversibility ကို ဖြစ်ပေါ်စေသည်။ အပူများသည် အနီးဝန်းကျင်သို့ ကူးပြောင်း(transfer)သွားသည်။

ပုံ(၃-၂၈)တွင် actual vapor compression refrigeration cycle ၏ T-s diagram ကို ဖော်ပြထားသည်။ Ideal cycle တွင် refrigerant များသည် evaporator မှ saturated vapor အနေဖြင့် ထွက်ခွာသွားပြီး compressor အတွင်းသို့ ဝင်ရောက်သည်ဟု ယူဆထားသည်။ သို့သော် လက်တွေ့တွင် ထိုကဲ့သို့ အတိအကျ control လုပ်ရန် မဖြစ်နိုင်ပေ။ Compressor အဝင်(inlet)နေရာတွင် refrigerant ကို အနည်းငယ် superheated ဖြစ်အောင် ပြုလုပ်ထားရသည်။ လုံးဝ အငွေ့ အခြေအနေဖြစ်အောင်(completely vaporized) ပြုလုပ်ထားရသည်။ တစ်ခါတစ်ရံ evaporator နှင့် compressor ကို ဆက်ထားသည့် ပိုက်သည် အလွန်ရှည်လျားနေသည့်အခါ fluid friction ကြောင့်ဖြစ်ပေါ်သော ဖိအားကျဆင်းမှု(pressure drop)ပိုများလာနိုင်သောကြောင့် refrigerant မှ အပူများ အနီးဝန်းကျင်သို့ ကူးပြောင်းသွားသည့် ပမာဏ ပိုများလာနိုင်သည်။



ပုံ ၃-၂၈ Actual vapor compression refrigeration cycle တစ်ခု၏ schematic နှင့် T-s diagram

Connecting line တွင် အပူစုပ်ယူခြင်း(heat gain)နှင့် evaporator အတွင်း၌ ဖိအား ကျဆင်းခြင်း (pressure drop)တို့ကြောင့် superheating ဖြစ်နိုင်သည်။ Connecting line အတွင်း၌ specific volume တိုးလာခြင်းကြောင့် compressor တွင် power input ပိုများလာနိုင်သည်။

Ideal cycle တွင် compression process သည် internally reversible နှင့် adiabatic process ဖြစ်သည်။ ထို့ကြောင့် isentropic process ဖြစ်သည်။ လက်တွေ့တွင် ပွတ်တိုက်မှုများ(frictional effect)ကြောင့် entropy ပိုများလာနိုင်သည်။ အပူများဆုံးရှုံးခြင်း၊ တိုးလာခြင်း နှင့် heat transfer ဖြစ်ပေါ်ခြင်း တို့ကြောင့်လည်း entropy များခြင်း သို့မဟုတ် နည်းခြင်း ဖြစ်ပေါ်နိုင်သည်။

Process 1-2 တွင် refrigerant ၏ entropy တိုးလာလိမ့်မည်။ လက်တွေ့အခြေအနေတွင် ဖြစ်ပေါ်သည့် (actual compression process) Process 1-2' တွင် refrigerant ၏ entropy နည်းသွားလိမ့်မည်။

Compression process 1-2' သည် isentropic compression process ထက် ပို၍ လိုလားဖွယ် ဖြစ်သည်။ Refrigerant ၏ specific volume လျော့နည်းသွားသောကြောင့် work input လည်း လျော့နည်းသွားလိမ့်မည်။ Compression process အတွင်း၌ refrigerant ကို အေးနေအောင်ပြုလုပ်ထားနိုင်လျှင် ပိုကောင်းသည်။ လက်တွေ့တွင် ဖြစ်နိုင်ပြီး စီးပွားရေးအရ ပို၍ တွက်ခြေကိုက်သည်။ Refrigerant သည် condenser အတွင်းမှ saturated liquid အဖြစ် ထွက်သွားသည်။

Ideal အခြေအနေတွင် refrigerant သည် condenser အတွင်းမှ saturated liquid အနေဖြင့် ထွက်သွားသည်။ ထိုအချိန်၌ ဖြစ်ပေါ်သည့် ဖိအားသည် compressor exit pressure ဖြစ်သည်။ လက်တွေ့ အခြေအနေတွင် condenser ၊ throttling valve ၊ suction လိုင်း နှင့် discharge လိုင်း တို့၌ ဖြစ်ပေါ်သည့် ဖိအားကျဆင်းမှု(pressure drop)ကို ရှောင်လွှဲရန် မဖြစ်နိုင်ပေ။

Condensation process တွင် saturated liquid ဖြစ်အောင် အတိအကျ control လုပ်ရန် မဖြစ်နိုင်ပေ။ Saturated liquid အဖြစ်သို့ အပြည့်အဝ မရောက်ရှိဘဲ throttling valve အတွင်းသို့ မဝင်ရောက် စေသင့်ပေ။ ထို့ကြောင့် refrigerant များကို subcooled အပူချိန်ထိရောက်အောင် ကျဆင်းစေပြီးမှ throttling valve ထဲသို့ ဝင်ရောက်စေခြင်း ဖြစ်သည်။

